# ၈ နှစ်တိုင်ခဲ့သော်လည်း ရိုဟင်ဂျာများအပေါ် မြန်မာစစ်အုပ်စု ကျူးလွန်ခဲ့သည့် ရက်စက်ကြမ်းကြုတ်မှုများအတွက် တာဝန်ခံမှု လိုအပ်နေဆဲ

## ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့

မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာများအပေါ် မြန်မာစစ်တပ်နှင့် အာဏာပိုင်များက ရက်စက် ကြမ်းကြုတ်သည့် ရာဇဝတ်မှုများကို စနစ်တကျနှင့် ကျယ်ကျယ်ပြန့်ပြန့် စတင်ကျူးလွန်ခဲ့သည်မှာ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နေ့တွင် ၉ နှစ်တိုင်ခဲ့ပြီ ဖြစ်သည်။

၂၀၁၇ ခုနှစ်၊ ဩဂုတ်လမှ စ၍ မြန်မာလုံခြုံရေးတပ်ဖွဲ့များသည် ရခိုင်ပြည်နယ်မြောက်ပိုင်းတစ်လျှောက်ရှိ ရိုဟင်ဂျာကျေးရွာ ရာနှင့်ချီကို မီးရှို့ဖျက်ဆီးခဲ့သည့်အပြင် ရိုဟင်ဂျာ အမျိုးသား၊ အမျိုးသမီးနှင့် ကလေးငယ် ထောင်ပေါင်းများစွာကိုလည်း သတ်ဖြတ်ခဲ့သည်။ အဆိုပါ ကျူးလွန်မှုများကြောင့် ရိုဟင်ဂျာ အနည်းဆုံး ၇ သိန်းခန့်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ ကုလသမဂ္ဂ၏ မြန်မာ နိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေးအဖွဲ့က "အမည်ဖော်ပြထားသည့် မြန်မာစစ်တပ် ထိပ်တန်းစစ်ဗိုလ်ချုပ်ကြီးများကို လူမျိုးတုံးသတ်ဖြတ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန် သည့် ရာဇဝတ်မှုများနှင့် စစ်ရာဇဝတ်မှုများအတွက် နိုင်ငံတကာ ရာဇဝတ်ခုံရုံးတစ်ရပ်တွင် စုံစမ်းစစ်ဆေး ၍ တရားစွဲဆိုသင့်သည်" ဟု ကောက်ချက်ချခဲ့သည်။

ထိုစဉ်က မြန်မာစစ်တပ်၏ ကာကွယ်ရေးဦးစီးချုပ်ဖြစ်သူ မင်းအောင်လှိုင်သည် ရိုဟင်ဂျာများအပေါ် ရက်စက်ကြမ်းကြုတ်မှုများ ကျူးလွန်ခဲ့သည့် လုံခြုံရေးတပ်ဖွဲ့များကို အဓိက ကြီးကြပ်ကွပ်ကဲသူ ဖြစ်သည်။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ၎င်းသည် ပြည်သူမှ ရွေးကောက်တင်မြှောက်ထားသည့် အရပ်သားအစိုးရကို ဖြုတ်ချကာ စစ်အာဏာသိမ်းမှုကို ဦးဆောင်ခဲ့သည်။ ထို့နောက် ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလနှင့် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလတို့တွင် လေ့လာသူများက အတုအယောင်ဟု သတ်မှတ်ခဲ့သည့် ရွေးကောက်ပွဲများ ကျင်းပပြီးနောက် စစ်အုပ်စုဝင်များ ထိန်းချုပ်ထားသည့် လွှတ်တော်က "သမ္မတ" အဖြစ် ခန့်အပ်ခဲ့သည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၊ ဥရောပသမဂ္ဂ (EU)၊ ဗြိတိန်၊ ကနေဒါ၊ ဩစတြေးလျနှင့် ဂျပန်နိုင်ငံတို့အပါအဝင် နိုင်ငံအများအပြားက အဆိုပါ ရွေးကောက်ပွဲရလဒ်များကို အသိအမှတ်မပြုခဲ့ ကြပေ။

၂၀၁၇ ခုနှစ်က ရက်စက်ကြမ်းကြုတ်မှုများအတွက် နိုင်ငံတကာ တရားမျှတမှု ဖော်ဆောင်ရေး ကြိုးပမ်းမှုများတွင် တိုးတက်မှုအချို့ ရှိလာခဲ့သော်လည်း ယနေ့အထိ ကျူးလွန်သူ မည်သူမျှ တာဝန်ခံရ ခြင်း မရှိသေးပေ။ အာဂျင်တီးနားနိုင်ငံတွင် ကမ္ဘာလုံးဆိုင်ရာ တရားစီရင်ခွင့် (Universal Jurisdiction) အရ ရိုဟင်ဂျာများ ဦးဆောင်သည့် အဖွဲ့အစည်းတစ်ခုက တရားစွဲဆိုခဲ့သည့်အမှုကြောင့် မင်းအောင်လှိုင် အပါအဝင် မြန်မာစစ်ဘက်အရာရှိများကို ဖမ်းဝရမ်းများ ထုတ်ပြန်နိုင်ခဲ့သည်။

၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလတွင် နိုင်ငံတကာရာဇဝတ်ခုံရုံး (ICC) ၏ တရားလိုရှေ့နေချုပ်က ရိုဟင်ဂျာများအား အတင်းအဓမ္မ နေရပ်စွန့်ခွာစေမှုနှင့် ဖိနှိပ်ညှဉ်းပန်းမှုတို့ဖြင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများအတွက် မင်းအောင်လှိုင်ကို ဖမ်းဝရမ်းထုတ်ပေးရန် လျှောက်ထားခဲ့သည်။ သို့သော် ယင်းလျှောက်ထားချက်အပေါ် တရားသူကြီးများက ဆုံးဖြတ်ထားခြင်း ရှိ၊ မရှိနှင့် ပတ်သက်၍ အများပြည်သူသို့ ထုတ်ပြန်ထားသည့် သတင်းအချက်အလက် မရှိသေးပေ။

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလတွင် ဂမ်ဘီယာနိုင်ငံက မြန်မာနိုင်ငံအပေါ် လူမျိုးတုံးသတ်ဖြတ်မှုဖြင့် စွဲဆိုထား သည့်အမှုကို နိုင်ငံတကာတရားရုံး (ICJ) က ကြားနာစစ်ဆေးခဲ့ရာ ယင်းသည် ရိုဟင်ဂျာများအတွက် တရားမျှတမှု ဖော်ဆောင်ရေးတွင် အရေးပါသည့် ခြေလှမ်းတစ်ရပ် ဖြစ်ခဲ့သည်။ ၂၀၁၉ ခုနှစ်တွင် စွဲဆိုခဲ့သည့် အဆိုပါအမှုတွင် ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်များအတွင်း ရိုဟင်ဂျာများအပေါ် ကျူးလွန်ခဲ့သည့် ရက်စက်ကြမ်းကြုတ်မှုများသည် ၁၉၄၈ ခုနှစ် လူမျိုးတုံးသတ်ဖြတ်မှု တားဆီးရေးနှင့် ပြစ်ဒဏ်ပေးရေး ဆိုင်ရာ သဘောတူညီချက် (Genocide Convention) ကို မြန်မာနိုင်ငံက ချိုးဖောက်ရာရောက်သည်ဟု စွပ်စွဲထားသည်။ လက်ရှိတွင် တရားရုံး၏ ဆုံးဖြတ်ချက်ကို စောင့်ဆိုင်းနေဆဲ ဖြစ်သည်။

ဂမ်ဘီယာနိုင်ငံက စွဲဆိုထားသည့်အမှုနှင့် စပ်လျဉ်း၍ ICJ တရားသူကြီးများက မြန်မာနိုင်ငံအနေဖြင့် ဥပဒေအရ မဖြစ်မနေ လိုက်နာရမည့် ယာယီအကာအကွယ်ပေးရေး လုပ်ဆောင်ချက်များ (Provisional Measures) ကို ချမှတ်ခဲ့သည်။ ယင်းချမှတ်ချက်များတွင် မြန်မာနိုင်ငံသည် ရိုဟင်ဂျာများအပေါ် လူမျိုးတုံးသတ်ဖြတ်မှုမြောက်သည့် လုပ်ရပ်များအားလုံးကို တားဆီးရန်၊ လုံခြုံရေးတပ်ဖွဲ့များက အဆိုပါလုပ်ရပ်များ မကျူးလွန်စေရန်နှင့် အမှုနှင့်သက်ဆိုင်သည့် သက်သေအထောက်အထားများကို ထိန်းသိမ်းရန် လုပ်ဆောင်မှုများ ပါဝင်ပါသည်။ သို့သော် မြန်မာနိုင်ငံတွင် ကျန်ရှိနေသည့် ရိုဟင်ဂျာများ အပေါ် လူမျိုးရေးခွဲခြားဖိနှိပ်မှု (Apartheid) အပါအဝင် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှု များ၊ စစ်ရာဇဝတ်မှုများနှင့် အခြားပြင်းထန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများ ဆက်လက်ဖြစ်ပွားနေ ကြောင်း ကျွန်ုပ်တို့၏ အဖွဲ့အစည်းများက မှတ်တမ်းတင်ထားသည်။ ယင်းကျူးလွန်မှုများသည် တရားရုံး က ချမှတ်ထားသည့် ယာယီအကာအကွယ်ပေးရေး လုပ်ဆောင်ချက်များကို ချိုးဖောက်ရာရောက်သည်။

မြန်မာအာဏာသိမ်းစစ်အုပ်စုသည် ရိုဟင်ဂျာများ နေထိုင်သည့် ကျေးရွာများနှင့် နေအိမ်များကို လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်ခဲ့သည့်အပြင် ရခိုင်ပြည်နယ်အတွင်း လွတ်လပ်စွာ သွားလာလှုပ်ရှားခွင့်၊ လူသားချင်းစာနာထောက်ထားမှု အကူအညီနှင့် ကျန်းမာရေးစောင့်ရှောက်မှု ရရှိခွင့်တို့ကိုလည်း တင်းကျပ်စွာ ဆက်လက်ကန့်သတ်ထားသည်။ ၂၀၂၃ ခုနှစ် နှောင်းပိုင်းတွင် မြန်မာစစ်တပ်နှင့် တိုက်ပွဲများ ပြန်လည်ဖြစ်ပွားပြီးနောက် ရခိုင်ပြည်နယ်ရှိ မြို့နယ်အများစုကို ထိန်းချုပ်လာခဲ့သည့် ရက္ခိုင့်တပ်တော် (AA) သည်လည်း ရိုဟင်ဂျာများအပေါ် ပြင်းထန်သည့် လူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်လျက်ရှိ သည်။ ရိုဟင်ဂျာများသည် ရက္ခိုင့်တပ်တော် (AA) ၏ ဥပဒေမဲ့ ဖမ်းဆီးထိန်းသိမ်းမှု၊ အတင်းအဓမ္မ လုပ်အားပေးစေခိုင်းမှု၊ ညှဉ်းပန်းနှိပ်စက်မှု၊ တရားလက်လွတ် သတ်ဖြတ်မှုနှင့် သွားလာလှုပ်ရှားခွင့် ကန့်သတ်ခြင်းတို့ကို ရင်ဆိုင်နေရသည်။ ထို့အပြင် ရက္ခိုင့်တပ်တော် AA သည် ၂၀၂၄ ခုနှစ်အတွင်း ဘူးသီးတောင်နှင့် မောင်တောမြို့နယ်များ၌ စစ်ရာဇဝတ်မှုမြောက်သည့် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများကို ကျူးလွန်ခဲ့သည့်အပြင် ရိုဟင်ဂျာနေအိမ်အများအပြားကိုလည်း မီးရှို့ဖျက်ဆီးခဲ့သည်။

မြန်မာအာဏာသိမ်းစစ်အုပ်စုနှင့် ရိုဟင်ဂျာ လက်နက်ကိုင်အဖွဲ့များသည် ရက္ခိုင့်တပ်တော် (AA) ကို တိုက်ခိုက်ရန် ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာနိုင်ငံရှိ ရိုဟင်ဂျာများကို တရားမဝင် စစ်သားအဖြစ် စုဆောင်းခဲ့ ကြပြီး ရက္ခိုင့်တပ်တော် (AA) ကလည်း အတင်းအဓမ္မ စစ်သားစုဆောင်းမှုများ ပြုလုပ်လျက်ရှိသည်။

၂၀၂၄ ခုနှစ် နှစ်လယ်ပိုင်းမှစ၍ ရိုဟင်ဂျာ ၁၅၀,၀၀၀ ခန့်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထပ်မံ ထွက်ပြေး တိမ်းရှောင်ခဲ့ကြသဖြင့် ဘင်္ဂလားဒေ့ရှ်ရောက် ရိုဟင်ဂျာဒုက္ခသည်ဦးရေ စုစုပေါင်းမှာ တစ်သန်းကျော် ရှိလာခဲ့သည်။ ကော့ဘဇား (Cox's Bazar) ရှိ ဒုက္ခသည်စခန်းများတွင် ရိုဟင်ဂျာဒုက္ခသည်များသည် ပြန်ပေးဆွဲခံရမှု၊

အတင်းအဓမ္မ စစ်သားအဖြစ် စုဆောင်းခံရမှု၊ အသက်အန္တရာယ် ခြိမ်းခြောက်ခံရမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှုများကို ကြုံတွေ့နေရသည်။ ထို့ပြင် နိုင်ငံတကာ အကူအညီများပေးအပ် မှု လျှော့ချခံရသဖြင့် စားနပ်ရိက္ခာ၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ပညာရေးတို့ ရရှိရန် ပိုမိုခက်ခဲလာပြီး ဒုက္ခသည်စခန်းများ၏ အခြေအနေမှာလည်း တစ်နေ့တခြား ဆိုးရွားလာနေသည်။

ရက္ခိုင့်တပ်တော် (AA) ၏ ဖိနှိပ်မှုများနှင့် နိုင်ငံတကာ အကူအညီများ လျှော့ချခံရမှုကြောင့် ဘင်္ဂလားဒေ့ရှ် ရှိ ဒုက္ခသည်စခန်းများ၏ အခြေအနေ ပိုမိုဆိုးရွားလာသဖြင့် ရိုဟင်ဂျာများသည် ဘေးကင်းလုံခြုံသည့် နေရာနှင့် ပိုမိုကောင်းမွန်သည့် အနာဂတ်ကို ရှာဖွေရန် အသက်အန္တရာယ်ရှိသည့် ပင်လယ်ခရီးကို စွန့်စားကာ အထူးသဖြင့် မလေးရှားနိုင်ငံသို့ လှေဖြင့် ထွက်ခွာမှု သိသိသာသာ များပြားလာသည်။ ၂၀၂၆ ခုနှစ် အစောပိုင်းလ အနည်းငယ် အတွင်း၌ပင် အန္တရာယ်များသည့် ပင်လယ်ခရီးများကို စွန့်စားထွက်ခွာခဲ့ ကြသည့် ရိုဟင်ဂျာများအနက် ၈၂၀ ကျော် အသက်ဆုံးရှုံးခဲ့သည်ဟု ယူဆရသည်။ ထို့အပြင် ၎င်းတို့သည် ကျယ်ပြန့်ပြီး စနစ်တကျ လုပ်ဆောင်နေသည့် လူကုန်ကူးမှုနှင့် လူမှောင်ခိုကူးမှုများအပြင် အခြားသော ခေါင်းပုံဖြတ်အမြတ်ထုတ်မှုများ၏ သားကောင်ဖြစ်နိုင်ခြေ ပိုမိုမြင့်တက်လာသည်။

ရိုဟင်ဂျာအကျပ်အတည်းနှင့် ၂၀၂၁ ခုနှစ် အာဏာသိမ်းမှုနောက်ပိုင်း ဖြစ်ပွားခဲ့သည့် စစ်ရာဇဝတ်မှုများ၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများအပါအဝင် ကြီးလေးသော ကျူးလွန်မှုများ၏ အရင်းခံမှာ မြန်မာနိုင်ငံတွင် ဆယ်စုနှစ်များစွာ အမြစ်တွယ်နေသည့် ပြစ်ဒဏ်ကင်းလွတ်ခွင့်ပင်ဖြစ်သည်။ ရိုဟင်ဂျာများအပါအဝင် မြန်မာပြည်သူတစ်ရပ်လုံး၏ လူ့အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရေး အတွက် ယင်းကျူးလွန်မှုများအပေါ် တရားမျှတမှု ဖော်ဆောင်ပေးရန် လိုအပ်သည်။ သို့ဖြစ်ရာ မြန်မာ နိုင်ငံ၏ လက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်နေသည့် အဖွဲ့အားလုံးအနေဖြင့် နစ်နာသူများ တရားမျှတမှု ရရှိရေးအတွက် နိုင်ငံတကာ၏ တာဝန်ခံမှု ဖော်ဆောင်ရေး လုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်သင့်ပြီး နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေကိုလည်း လေးစားလိုက်နာသင့်သည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံ၏ အခြေအနေကို အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး (ICC) သို့ လွှဲပြောင်းပေးခြင်း၊ ပစ်မှတ်ထားသည့် ဘဏ္ဍာရေးပိတ်ဆို့အရေးယူမှုများ ချမှတ်ခြင်းနှင့် မြန်မာ စစ်အုပ်စုအပေါ် ကမ္ဘာလုံးဆိုင်ရာ လက်နက်ပိတ်ဆို့အရေးယူမှု ချမှတ်ခြင်းတို့ဖြင့် လူမှုအသိုင်းအဝိုင်း အားလုံးအပေါ် ယခင်က ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများနှင့် လက်ရှိ ဆက်လက်ကျူးလွန်နေသည့် ရာဇဝတ်မှုများအတွက် တာဝန်ယူ၊ တာဝန်ခံမှု ရှိလာစေရေး ပိုမိုအားထုတ်ဆောင်ရွက်သင့်သည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများအပါအဝင် သက်ဆိုင်ရာအစိုးရများအနေဖြင့် အရပ်သားများနှင့် အရပ်ဘက် အခြေခံအဆောက်အအုံများအပေါ် တရားမဝင် တိုက်ခိုက်မှုများ ရပ်တန့်ရန် မင်းအောင်လှိုင်နှင့် မြန်မာ စစ်တပ်ကို ဖိအားပေးသင့်သည်။ ထို့အပြင် လူ့အခွင့်အရေးချိုးဖောက်ခံနေရပြီး လူသားမဆန်သည့် အခြေ အနေများအောက်တွင် ဖမ်းဆီးထိန်းသိမ်းခံထားရသည့် နိုင်ငံရေးခေါင်းဆောင်များနှင့် တက်ကြွလှုပ်ရှားသူ ထောင်ပေါင်းများစွာကို ပြန်လွှတ်ပေးရန်လည်း တောင်းဆိုသင့်သည်။

နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ဘင်္ဂလားဒေ့ရှ်အစိုးရနှင့် အနီးကပ် ပူးပေါင်းဆောင်ရွက်၍ ရိုဟင်ဂျာ ဒုက္ခသည်များ၏ လိုအပ်ချက်များအတွက် ရန်ပုံငွေများ အရေးတကြီး တိုးမြှင့်ပံ့ပိုးသင့်သည်။ ရိုဟင်ဂျာများ မိမိတို့၏ နေရပ်ဖြစ်သော မြန်မာနိုင်ငံသို့ နိုင်ငံသားအခွင့်အရေးနှင့် လူမှုစီးပွားအခွင့်အရေးများ အပြည့်အဝ ရရှိကာ သဘောဆန္ဒအလျောက် ဘေးကင်းလုံခြုံစွာ၊ ဂုဏ်သိက္ခာရှိစွာ ပြန်လည်အခြေချ နေထိုင်နိုင်သည့် အခြေအနေများ ရှိလာသည်အထိ ယင်းအကူအညီများကို ဆက်လက်ပံ့ပိုးပေးသင့်သည်။

Joint Statement

ရိုဟင်ဂျာဒုက္ခသည်များကို လက်ခံထားသည့် နိုင်ငံများအနေဖြင့် ၎င်းတို့၏ အခွင့်အရေးနှင့် ဘေးကင်း လုံခြုံမှုကို အာမခံပေးသင့်သည်။ မုန်းတီးရန်လိုမှု၊ အတင်းအဓမ္မ နေရပ်ပြန်ပို့မှု၊ ပြန်ပေးဆွဲမှု၊ လူကုန်ကူးမှု၊ အတင်းအဓမ္မ စစ်သားစုဆောင်းမှုနှင့် အခြားပစ်မှတ်ထား အကြမ်းဖက်မှုများမှ ကာကွယ်နိုင်ရန် ထိရောက် သည့် အကာအကွယ် ပေးရေး လုပ်ငန်းစဉ်များကို ချမှတ်ဆောင်ရွက်သင့်သည်။ ထို့အပြင် ရိုဟင်ဂျာ ဒုက္ခသည်များ ပညာသင်ယူနိုင်ရေး နှင့် အသက်မွေးဝမ်းကျောင်းပြုနိုင်ရေးအတွက် လိုအပ်သည့် အခွင့် အလမ်းများကိုလည်း ဖန်တီးပေးသင့်သည်။

ရိုဟင်ဂျာများသည် တရားမျှတမှု၊ အသိအမှတ်ပြုမှုနှင့် ဘေးကင်းလုံခြုံစွာ နေရပ်ပြန်နိုင်ရေးအတွက် နှစ်ပေါင်း များစွာ စောင့်ဆိုင်းခဲ့ရသည်။ ၎င်းတို့ ဆက်လက်ခံစားနေရသည့် ဆင်းရဲဒုက္ခများ အဆုံးသတ်နိုင် ရေးအတွက် ထိ ရောက်သည့် အရေးယူဆောင်ရွက်မှုများကို အမြန်ဆုံး လုပ်ဆောင်ရန် လိုအပ်နေပြီ ဖြစ် သည်။

## ပိုမိုသိရှိလိုပါက ဝင်ရောက်ကြည့်ရှုရန်

www.fortifyrights.org

## လက်မှတ်ရေးထိုးထားသည့် အဖွဲ့အစည်းများ

1. All Victims and Veterans Network - Bangladesh
2. Amnesty International
3. Anti-Death Penalty Asia Network
4. Arakan Rohingya National Union
5. Asia Justice and Rights
6. Asian NGO Network on National Human Rights Institutions
7. Association of Rohingya in Thailand
8. Asylum Access Global
9. Asylum Access Malaysia
10. Asylum Access Mexico
11. Asylum Access Thailand
12. British Rohingya Community
13. Burma Campaign UK
14. Burma Concern
15. Burma Human Rights Network
16. Burmese Rohingya Organization UK
17. Capital Punishment Justice Project
18. CIVICUS: World Alliance for Citizen Participation
19. Coalition for the Rights of Refugees and Stateless Persons
20. Education and Wisdom Development for Rohingya Women
21. Education Garden for Rohingya
22. Exile Hub
23. EarthRights International
24. FE5 Tanintharyi
25. Fortify Rights
26. FORUM-ASIA
27. Free Rohingya Coalition
28. Frontline Ethics
29. Human Integration for Change
30. Human Rights Foundation of Monland
31. Human Rights Watch
32. Info Birmanie
33. Kachin Gender Star Group
34. Kachin Human Rights Watch
35. Kaladan Press Network
36. Karen Human Rights Group
37. Karenni Human Rights Group
38. Mayu Region Human Rights Documentation Center
39. Minority Affairs Institute
40. Myanmar Defense & Security Institute
41. Myanmar Ethnic Rohingya Human Rights Organization Malaysia
42. NOVI
43. Political Repository
44. Politics for Women Myanmar
45. Progressive Voice Myanmar
46. Refugees International
47. Robert & Ethel Kennedy Human Rights Center
48. Rohingya Advancement Committee
49. Rohingya Cooperation Network
50. Rohingya Education Development Plan
51. Rohingya Gen Z Movement
52. Rohingya Human Rights Initiative
53. Rohingya Human Rights Network
54. Rohingya Peace Network of Thailand
55. Rohingya Refugee Youth Committee
56. Rohingya Rights Response
57. Rohingya Solidarity Network
58. Rohingya Student Union
59. Rohingya Women Association for Education and Development
60. Rohingya Youth Empowerment Initiative
61. Rohingya Youth Empowerment Network
62. Rohingya Youth for Legal Action
63. Spirit in Education Movement
64. Stop Online Harm
65. Tavoyan Women's Union
66. Thailand Migration Reform
67. The International Bar Association's Human Rights Institute
68. Voice of Rohingya Women and Students
69. Women's Peace Network
70. Yangon People's Strike
71. Youth Congress Rohingya